# Instagram မှ ဓာတ်ပုံများရယူခြင်း

**Instagram ဟာ mobile နဲ့ ဓာတ်ပုံတွေ share လုပ်နိုင်တဲ့ကောင်းမွန်တဲ့ online ဝန်ဆောင်မှုတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီ instagram server က ဓာတ်ပုံတွေကို ရယူလိုချင်ရင်တော့ ခက်ခဲပါတယ်။ Instagram ကပုံတွေကို ရယူနိုင်စေမယ့် ရိုးရှင်းလွယ်ကူတဲ့ နည်းလမ်းလေးတွေကို ဖော်ပြပေးချင်ပါတယ်။**

ဓာတ်ပုံတစ်ပုံချင်းစီကို email ပို့ချင်လို့ပဲဖြစ်ဖြစ်၊ delete လုပ်ချင်ရင်ဖြစ်ဖြစ် အောက်နားမှာရှိတဲ့ ညာဘက်ထောင့်က option menu မှာ tap လုပ်နိုင်ပါတယ်။ အခုဆောင်းပါးရေးနေချိန်အထိ instagram ကဓာတ်ပုံကို download ရယူနိုင်တဲ့ အကောင်းဆုံးနည်းလမ်းမရှိသေးပါဘူး။ ဓာတ်ပုံတစ်ပုံချင်းစီအလိုက် web browser ကိုဖွင့်ပြီး hard drive ပေါ်မှာ save လုပ်တာ၊ ဒါမှမဟုတ် smartphone က Instagram app ဆီကို email ပို့တာ စသည်ဖြင့် တစ်ပုံချင်းစီသာ ဆောင်ရွက်နိုင်ပါတယ်။

သတင်းကောင်းတစ်ခုအနေနဲ့ web developer တွေဟာ Instagram က ဓာတ်ပုံတွေကို တစ်ကြိမ်တည်းနဲ့ ပုံတွေအများကြီး download ရယူနိုင်ဖို့ ကောင်းမွန်ပြီး အခမဲ့ရနိုင်တဲ့ဝန်ဆောင်မှုတွေကို ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။




Instagram ကဓာတ်ပုံတွေကို ကိုယ့် hard drive ပေါ်မှာ သိမ်းထားနိုင်ဖို့ Copygram က အသုံးဝင်ပါတယ်။

## Instaport

Instagram library ကို zip file တစ်ခုတည်းအနေနဲ့ download ရယူနိုင်ဖို့ အကောင်းဆုံးရွေးချယ်မှုက Instaport ဖြစ်ပြီး *(www.instaport.me)* ကတဆင့် အခမဲ့ရယူနိုင်ပါတယ်။ ဒီလို download ရယူနိုင်မယ့် ဝန်ဆောင်မှုမှာ ဓာတ်ပုံရိုက်ခဲ့တဲ့အချိန်တွေအလိုက်၊ ဒါမှမဟုတ် tag လုပ်ထားတဲ့ ဓာတ်ပုံတွေအလိုက် ကိုယ်ကြိုက်နှစ်သက်တဲ့ criteria နဲ့ download ရယူနိုင်ပါတယ်။ Instagram မှာ သတ်မှတ်ပေးထားတဲ့ username ၊ password တွေနဲ့ log in ဝင်ပါ။ Photo export အတွက် figure လုပ်ပါ။ အစိမ်းရောင် Start Export button ကို click နှိပ်ပါ။ Zip file နဲ့ချုံ့ထားတဲ့ Instagram က ဓာတ်ပုံတွေဟာ မကြာခင်မှာ ကိုယ်ရဲ့ hard drive ထဲကို ရောက်ရှိလာပါလိမ့်မယ်။

Instaport မှာ ကြော်ငြာအချိန်တွေအတွင်း facebook ၊ flickr ၊ Google+ စတဲ့ social media တွေဆီကို တိုက်ရိုက် export လုပ်နိုင်တဲ့ ဝန်ဆောင်မှုပါလာတော့မှာ ဖြစ်ပါတယ်။




Instaport က Instagram မှာရှိတဲ့ ဓာတ်ပုံတွေကို hard drive မှာသိမ်းဖို့ ဆောင်ရွက်ပေးနိုင်တဲ့အပြင် social network တွေဆီကိုလည်း ပို့နိုင်စေပါတယ်

## Copygram

Instaport က ကိုယ့်စိတ်ကြိုက်ဖြစ်မလာဘူးဆိုရင် Copygram ကို *copygram* ကတဆင့်ရယူပါ။ အဲဒီ website မှာ instagram ကို log in ဝင်နိုင်အောင်စီစဉ်ထားတဲ့အပြင် အဲဒီ browser ကတဆင့် ဓာတ်ပုံတွေ share လုပ်နိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ iOS ၊ ဒါမှမဟုတ် Android device တွေမရှိဘဲ Instagram ကိုအသုံးပြုလိုသူတွေအတွက်တော့ အကောင်းဆုံး service တစ်ခု ဖြစ်ပါတယ်။ Copygram ကလည်း Instagram က ဓာတ်ပုံတွေကို ကိုယ်ရဲ့ hard drive ထဲကို download လုပ်ပေးနိုင်ပါတယ်။ Copygram ကိုအသုံးပြုဖို့ account တစ်ခု အခမဲ့ရယူနိုင်ပြီး Copygram ကတဆင့် Instagram ကို တိုက်ရိုက်ချိတ်ဆက်နိုင်ပါတယ်။ ဓာတ်ပုံတွေကို download ရယူချင်ရင် screen ရဲ့ အပေါ်ဘက်ပိုင်းမှာရှိနေတဲ့ backup button ကို နှိပ်လိုက်ရုံပဲ ဖြစ်ပါတယ်။

နောက်ထပ် screen တစ်ခုပေါ်လာတဲ့အခါ download လုပ်လိုတဲ့ပုံတွေကို ရွေးချယ်ပါ။ အစိမ်းရောင် backup now! ဆိုတဲ့ button ကိုနှိပ်ပါ။ Copygarm က zip လုပ်ထားတဲ့ ကိုယ့်ရဲ့ဓာတ်ပုံတွေကို download လုပ်ဖို့ link ကို ကိုယ်ရဲ့ email ထဲကို ပို့ပေးမှာ ဖြစ်ပါတယ်။

## InstaBackup for Mac

Mac OS သုံးစွဲသူတွေအတွက် Instabackup ကို *find.pcworld.com/72905* ကတဆင့် အခမဲ့ download ရယူပြီး Instagram က ပုံတွေကို ကိုယ့် hard drive ထဲမှာ သိမ်းထားနိုင်ပြီ ဖြစ်ပါတယ်။

## Instagram Mobile App

ခုအချိန်အထိတော့ Instagram ကပုံတွေကို တစ်ပြိုင်နက်တည်း အများကြီးဖျက်ဖို့ မဖြစ်နိုင်သေးပါဘူး။ Instagram mobile app ကတဆင့် တစ်ပုံချင်းစီဖျက်ပါ။ ဖျက်ချင်တယ်ဆိုရင် option menu ကတဆင့် ဖျက်လို့ရပါတယ်။ Option menu ကို လက်ယာဘက်အောက်ခြေနားမှာ တွေ့ရပါတယ်။ ■

# လုံခြုံရေးအတွက် laptop tracking software

ကိုယ့်ရဲ့ laptop အခိုးမခံရအောင်၊ အခိုးခံရတဲ့တိုင်အောင် အထဲက အချက်အလက်တွေ လုံခြုံမှုရှိနေစေဖို့ tracking software တစ်ခု install လုပ်ထားနိုင်ပါတယ်။ အဲ့ဒီ software နဲ့ IP address တည်နေရာတွေ သိရှိနိုင်တာ၊ Wi-Fi ကတဆင့် ခြေရာခံတာ၊ အဝေးတစ်နေရာကနေ webcam ကို လှမ်းဖွင့်တာ စတာတွေက laptop ပျောက်ဆုံးတာ၊ အခိုးခံရတာတွေမှာ အကူအညီပေးနိုင်ပါတယ်။

Active Trak ကထုတ်လုပ်တဲ့ Gadget Trak ၊ Flipcode ကတီထွင်ထားတဲ့ hidden ၊ Absolute Software ရဲ့ LoJack တို့ဟာ tracking software တွေဖြစ်ကြပါတယ်။ Gadget Trak ကို *find.pcworld.com/72909* ကတဆင့်ရယူနိုင်ပါတယ်။ သူ့ကို Windows ရော၊ Mac မှာပါ အသုံးပြုနိုင်ပါတယ်။ တစ်နှစ်အသုံးပြုခ ဒေါ်လာ ၂၀ ကျသင့်ပါတယ်။ Wi-Fi positioning ကိုအသုံးပြုပြီး ၁၀ ပေ ကနေ ပေ ၂၀ ပတ်လည်အတွင်း ရှာဖွေနိုင်ပါတယ်။ Webcam ကိုအသုံးပြုပြီးလည်း ဓာတ်ပုံတွေရယူနိုင်ပါတယ်။ Gadget Trak website ကတဆင့် မဟုတ်ရင် deactivate လုပ်လို့မရပါဘူး။

Mac application ဖြစ်တဲ့ Hidden ကို *find.pcworld.com/72908* ကတဆင့်ရယူနိုင်ပါတယ်။ တစ်နှစ်အသုံးပြုခ ၁၅ ဒေါ်လာ ကျပါတယ်။




Gadget Trak နဲ့ Wi-Fi positioning ကိုအသုံးပြုပြီး ဓာတ်ပုံတွေရိုက်ယူနိုင်သလို ကိုယ့် laptop ရဲ့ တည်နေရာကိုလည်း သိရှိနိုင်ပါတယ်။

IP address ကိုအသုံးပြုပြီး စက်ရှိနေတဲ့နေရာကို ပြောနိုင်ပါတယ်။ စက်ရဲ့ webcam ကို အဝေးကနေလှမ်းထိန်းပြီး ဓာတ်ပုံတွေရယူနိုင်ပါတယ်။ လက်ရှိ desktop ပေါ်မှာ ရှိနေတာတွေကိုလည်း screenshot ရိုက်ယူနိုင်ပါတယ်။ LoJack ကို *find.pcworld.com/72238* ကတဆင့် ရယူနိုင်ပါတယ်။ ■

# Monitor နှစ်ခုပေါ်မှာ ဓာတ်ပုံတစ်ပုံတည်း ဖွင့်နိုင်ဖို့



Wallpaper ပုံတစ်ခုကို monitor ၂လုံးပေါ်မှာ တစ်ပုံတည်းကန့်လန့်ဖြတ်ပေါ်ချင်တယ်ဆိုရင်တော့ ပထမဆုံးအနေနဲ့ပုံကလုံလုံလောက်လောက်ကြီးရပါမယ်။ Monitor ၂ လုံးကပြနိုင်တဲ့ pixel ပမာဏရှိရမှာဖြစ်ပါတယ်။ ဥပမာ – monitor တစ်လုံးက 1600 x 900 pixel ရှိပြီး ကျန်တစ်လုံးက 1366 x 768 ရှိတယ်ဆိုရင် အဲ့ဒီပုံရဲ့ resolution က 2966 x 900 ရှိရမှာ ဖြစ်ပါတယ်။

Windows 7 အသုံးပြုထားတယ်ဆိုရင် desktop မှာ right-click နှိပ်ပါ။ Personalize ကို ရွေးပါ။ Windows ရဲ့အောက်ဆုံးနားက desktop background link ကိုနှိပ်ပါ။ Folder ထဲက ကိုယ်ကြိုက်နှစ်သက်ရာ ဓာတ်ပုံကိုရွေးပါ။ အဲ့ဒီ Windows ရဲ့ အောက်ခြေနားက picture position drop-down menu ကိုဖွင့်လိုက်ပါ၊ ပြီးတော့ tile ကိုရွေးလိုက်တာနဲ့ ပုံတစ်ပုံတည်းက monitor ၂ လုံးအပေါ်မှာ ကန့်လန့်ဖြတ်ပြီး တစ်ပုံတည်းအနေနဲ့ပေါ်လာမှာ ဖြစ်ပါတယ်။ ■